# ပြည်ထောင်စုမြန်မာနိုင်ငံတော်

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

## ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေ

## (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၄/ ၂၀၀၄)

၁၃၆၆ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်
(၂၀၀၄ ခုနှစ်၊ ဧပြီလ ၂၈ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ်ပါဝင်သော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဝင်နိုင်ငံ သို့မဟုတ် ဒေသဆိုင်ရာ သဘောတူ စာချုပ်ဝင်နိုင်ငံနှင့်ဖြစ်စေ၊ နှစ်နိုင်ငံ သဘောတူစာချုပ် ချုပ်ဆိုထားသည့် နိုင်ငံနှင့်ဖြစ်စေ၊ အဆိုပါကွန်ဗင်းရှင်းဝင်နိုင်ငံ၊ ဒေသဆိုင်ရာ သဘောတူစာချုပ်ဝင်နိုင်ငံ သို့မဟုတ် နှစ်နိုင်ငံသဘောတူစာချုပ်ဝင်နိုင်ငံ မဟုတ်သော်လည်း အပြန်အလှန် အကူအညီပေးရန် စည်းကမ်းချက်ဖြင့် သဘောတူသည့်နိုင်ငံနှင့်ဖြစ်စေ ပြစ်မှုဆိုင်ရာ ကိစ္စရပ်များအတွက် စုံစမ်းထောက်လှမ်းခြင်း၊ တရားစွဲဆိုခြင်းနှင့် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်း တစ်ရပ်ရပ်ကို အကူအညီပေးခြင်းနှင့် သက်ဆိုင်စေရမည်။

၃။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) **ပြစ်မှု** ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ် ၁ နှစ်နှင့်အထက် ပြစ်ဒဏ်ချမှတ်နိုင်သော ပြစ်မှုကို ဆိုသည်။ ယင်းစကားရပ်တွင် အကူအညီ တောင်းခံသည့် ပြည်ပနိုင်ငံ တစ်ခုခု၏ ဥပဒေအရ ထောင်ဒဏ် ၁ နှစ် နှင့်အထက် ပြစ်ဒဏ်ချမှတ်နိုင်သော ပြစ်မှုများလည်း ပါဝင်သည်။

(ခ) **အကူအညီ** ဆိုသည်မှာ ဤဥပဒေအလို့ငှာ ပြစ်မှုနှင့် စပ်လျဉ်း၍ စုံစမ်းထောက်လှမ်းခြင်း၊ တရားစွဲဆိုခြင်းနှင့် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းတို့တွင် ပံ့ပိုးကူညီ ဆောင်ရွက်ပေးခြင်းကို ဆိုသည်။

(ဂ) **စုံစမ်းထောက်လှမ်းခြင်း** ဆိုရာတွင် ရဲအရာရှိကဖြစ်စေ၊ ဗဟိုအာဏာပိုင်အဖွဲ့ သို့မဟုတ် တရားသူကြီး၏ အခွင့်အာဏာ အပ်နှင်းခြင်းခံရသူက ဖြစ်စေ ပြစ်မှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်း၊ ရှာဖွေခြင်းနှင့် သက်သေခံပစ္စည်းများ သိမ်းဆည်းခြင်းတို့ ပါဝင်သည်။

(ဃ) **တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်း** ဆိုရာတွင် တရားသူကြီးက ပြစ်မှုနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ဆောင်ရွက်ချက်အားလုံး ပါဝင်သည်။

(င) **ပစ္စည်း** ဆိုသည်မှာ ဒြပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထိတွေ့၍ ရနိုင်သည်ဖြစ်စေ၊ မရနိုင်သည်ဖြစ်စေ မည်သည့် ပုံစံဖြင့်မဆို ရှိနေသော ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းကိုသော်လည်းကောင်း၊ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကိုသော်လည်းကောင်း ဆိုသည်။ ယင်း စကားရပ်တွင် ပစ္စည်းနှင့် စပ်လျဉ်းသည့် အကျိုးအမြတ်၊ အခွင့်အရေးနှင့် ပိုင်ဆိုင်ခွင့်များလည်း ပါဝင်သည်။

(ဓ) **စာတမ်း အမှတ်အသား** ဆိုသည်မှာ သတင်းအချက်အလက်၊ မှတ်တမ်းအပါအဝင် မည်သည့်အရာပေါ်တွင်မဆို ရေးသားထားချက်၊ အမှတ်အသား၊ ဂဏန်း၊ အက္ခရာ၊ သင်္ကေတကို သော်လည်းကောင်း၊ တစ်နည်းနည်းဖြင့် အဓိပ္ပာယ် ဖော်ဆိုနိုင်သည့် အမှတ်အသား၊ သင်္ကေတကို သော်လည်းကောင်း၊ အသံ၊ ရုပ်ပုံ သို့မဟုတ် စာဖြင့် အလိုအလျောက် အဓိပ္ပာယ်ဖော်ထုတ်ပေးနိုင်သော အရာကို သော်လည်းကောင်း၊ မြေပုံ၊ ပုံစံ၊ ရုပ်ပုံကားချပ်နှင့် အလားတူ အရာဝတ္ထုကိုသော်လည်းကောင်း ဆိုသည်။

(န) **မှတ်တမ်း** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးက ကိုယ်တိုင်ဖြစ်စေ၊ ကွန်ပျူတာစနစ်ဖြင့် ဖြစ်စေ၊ အခြားပစ္စည်း ကိရိယာတစ်ခုခုကို အသုံးပြု၍ ဖြစ်စေ ဖတ်ရှုနိုင်သည့် သို့မဟုတ် သိရှိနားလည်နိုင်သည့် မည်သည့် အရာဝတ္ထုပေါ်တွင်မဆို မှတ်တမ်းတင်ထားသည့် သို့မဟုတ် မှတ်သားထားသည့် အချက်ကို ဆိုသည်။

(ပ) **တားမြစ်မိန့်** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးထံတွင်ရှိသော ပြစ်မှုနှင့်သက်ဆိုင်သည့် ပစ္စည်းကို တားမြစ်ရန် ရည်ရွယ်၍ ထုတ်ဆင့်သည့် အမိန့်ကို ဆိုသည်။

(ဖ) **ဗဟိုအာဏာပိုင်အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး ဗဟိုအာဏာပိုင်အဖွဲ့ကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် —

(က) မြန်မာနိုင်ငံက လက်ခံထားသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ ဒေသဆိုင်ရာ သဘာတူ စာချုပ်များနှင့် နိုင်ငံအချင်းချင်း ချုပ်ဆိုသည့် သဘောတူစာချုပ်များနှင့် အညီ ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် အကူအညီပေးနိုင်ရန်၊

(ခ) ပြစ်မှုဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် ဆက်ဆံဆောင်ရွက်နိုင်ရန်၊

(ဂ) ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် စုံစမ်းထောက်လှမ်းခြင်း၊ တရားစွဲဆိုခြင်းနှင့် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းတို့နှင့် စပ်လျဉ်း၍ နိုင်ငံအချင်းချင်း အကူအညီပေးနိုင်ရေး အတွက် သင့်လျော်သည့် နည်းလမ်းများချမှတ် ဆောင်ရွက်နိုင်ရန်၊

(ဃ) အကြမ်းဖက်၍ ကျူးလွန်သည့်ပြစ်မှု၊ ယင်း ပြစ်မှုကို ကျူးလွန်ရန် ငွေကြေးထောက်ပံ့သည့် ပြစ်မှု၊ နိုင်ငံဖြတ်ကျော်၍ ကျူးလွန်သည့်ပြစ်မှုနှင့် တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို တရားဝင်အသွင်သို့ ရောက်ရှိစေရန် ပြုလုပ်သည့်ပြစ်မှုများ အပါအဝင် အခြား အရေးကြီးသော ပြစ်မှုများကို ထိရောက်စွာ တားဆီးနှိမ်နင်းနိုင်ရန်။

## အခန်း (၃)

## ဗဟိုအာဏာပိုင်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ အစိုးရအဖွဲ့သည် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး ဗဟိုအာဏာပိုင်အဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် —

(က) ဝန်ကြီး ... ဥက္ကဋ္ဌ
မြန်မာပြည်ထဲရေးဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး ... ဒုတိယဥက္ကဋ္ဌ
ပြည်ထဲရေးဝန်ကြီးဌာန

(ဂ) ဒုတိယဝန်ကြီး ... အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဃ) ဒုတိယဝန်ကြီး ... အဖွဲ့ဝင်
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(င) ဒုတိယဝန်ကြီး ... အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန

(စ) ဒုတိယတရားသူကြီးချုပ် ... အဖွဲ့ဝင်

(ဆ) ဒုတိယရှေ့နေချုပ် ... အဖွဲ့ဝင်

(ဇ) ကာကွယ်ရေးဝန်ကြီးဌာနမှ ... အဖွဲ့ဝင်
ကိုယ်စားလှယ်တစ်ဦး

(ဈ) ညွှန်ကြားရေးမှူးချုပ် ... အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ည) ရဲချုပ် ... အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့
(ဋ) ရဲဦးစီးအရာရှိချုပ် ... တွဲဖက်အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့

၆။ ဗဟိုအာဏာပိုင်အဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် —

(က) အကူအညီတောင်းခံသည့် ကိစ္စကို စိစစ်ပြီး အကူအညီပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊
(ခ) ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး သဘောတူ စာချုပ်များ ချုပ်ဆိုရေးနှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့သို့ အကြံပြုခြင်း၊
(ဂ) ဤဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များအား ကျွမ်းကျင်မှုနှင့် နည်းပညာများ တိုးပွားရေးအတွက် လိုအပ်သော လေ့ကျင့်သင်ကြားပေးရေး အစီအစဉ်များချမှတ်ခြင်း၊
(ဃ) အကူအညီတောင်းခံသည့် ကိစ္စသည် အခြားနိုင်ငံတစ်ခုခုနှင့်လည်း သက်ဆိုင်နေပါက ထိုနိုင်ငံနှင့် လိုအပ်သလို ဆက်သွယ်ဆောင်ရွက်ခြင်း၊
(င) အကူအညီတောင်းခံသည့် ကိစ္စနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် လည်းကောင်း၊ ပုဂ္ဂိုလ်များနှင့် လည်းကောင်း ညှိနှိုင်းဆောင်ရွက်ခြင်း၊
(စ) အကူအညီတောင်းခံသည့်ကိစ္စနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပေးရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းအား အကြောင်းကြားခြင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း၏ ဆောင်ရွက်ပေးချက်များကို အကူအညီတောင်းခံသည့် နိုင်ငံသို့လွှဲရန် ကူညီဆောင်ရွက်ပေးခြင်း၊

(ဆ) ပြစ်မှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ပနိုင်ငံ တစ်ခုခုသို့ အကူအညီတောင်းခံခြင်းနှင့် အကူအညီ ရယူခြင်း။

၇။ ဗဟိုအာဏာပိုင်အဖွဲ့သည် ပုဒ်မ ၆ ပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်ပါက မိမိအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ အဖွဲ့ဝင်တစ်ဦးဦးကို ဦးဆောင်စေ၍ သင့်လျော် သော ပုဂ္ဂိုလ်များဖြင့် အဖွဲ့ဖွဲ့စည်း၍ဖြစ်စေ လွှဲအပ်တာဝန်ပေးနိုင်သည်။

၈။ ဗဟိုအာဏာပိုင်အဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ၏ တာဝန်ပေးအပ် ချက်အရ အတွင်းရေးမှူးသည် ယင်းအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ အနက် ချက်ချင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဗဟိုအာဏာပိုင်အဖွဲ့၏ ကိုယ်စား ဆောင်ရွက်ပိုင်ခွင့်ရှိပြီး ယင်းဆောင်ရွက်ချက်ကို ဗဟိုအာဏာပိုင် အဖွဲ့သို့ တင်ပြ၍ အတည်ပြုချက် ရယူရမည်။

၉။ အစိုးရအဖွဲ့သည် အကူအညီတောင်းခံခြင်းနှင့် စပ်လျဉ်း၍ ဗဟိုအာဏာပိုင်အဖွဲ့၏ ဆောင်ရွက်ချက်တစ်ရပ်ရပ်ကို လိုအပ်ပါက ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

## အခန်း (၄)

## အကူအညီတောင်းခံခြင်းနှင့် ငြင်းပယ်ခြင်း

၁၀။ ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် မြန်မာနိုင်ငံ၏ အကူအညီကို တောင်းခံသော ပြည်ပနိုင်ငံသည် —

(က) မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ်ပါဝင်သော အပြည်ပြည်ဆိုင် ရာ ကွန်ဗင်းရှင်းဝင်နိုင်ငံ၊ ဒေသဆိုင်ရာ သဘောတူ စာချုပ် ဝင်နိုင်ငံ သို့မဟုတ် မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံ သဘောတူ စာချုပ် ချုပ်ဆိုထားသည့် နိုင်ငံဖြစ်ပါက ဗဟိုအာဏာပိုင် အဖွဲ့သို့ တိုက်ရိုက်တောင်းခံရမည်။

(ခ) မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ်ပါဝင်ခြင်းမရှိသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဝင်နိုင်ငံ၊ ဒေသဆိုင်ရာ သဘောတူစာချုပ်ဝင်နိုင်ငံ သို့မဟုတ် မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံ သဘောတူ စာချုပ် ချုပ်ဆိုထားခြင်းမရှိသည့် နိုင်ငံဖြစ်ပါက သံတမန်လမ်းကြောင်းအရ ဗဟိုအာဏာပိုင်အဖွဲ့သို့ တောင်းခံရမည်။

၁၁။ ပြည်ပနိုင်ငံတစ်ခုခုသည် ပြစ်မှုဆိုင်ရာကိစ္စရပ်တွင် စုံစမ်းထောက်လှမ်းခြင်း၊ တရားစွဲဆိုခြင်းနှင့် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းတို့နှင့် စပ်လျဉ်း၍ ပုဒ်မ ၁၀ အရ အကူအညီတောင်းခံရာတွင် အောက်ပါကိစ္စရပ်များကို ထည့်သွင်းတောင်းခံနိုင်သည် —

(က) ပုဂ္ဂိုလ်တစ်ဦးဦး၏ သက်သေခံချက် သို့မဟုတ် ထွက်ဆိုချက်ကို ရယူပေးခြင်း၊

(ခ) တရားစီရင်ရေးဆိုင်ရာ စာတမ်းအမှတ်အသားများ အကျိုးသက်ရောက်စေရန် ဆောင်ရွက်ပေးခြင်း၊

(ဂ) ပစ္စည်းနှင့် နေရာများကို စစ်ဆေးပေးခြင်း၊

(ဃ) သက်သေခံအဖြစ် အသုံးပြုမည့် ငွေကြေး သို့မဟုတ် ပစ္စည်းတစ်ခုခုကို ပြစ်မှုနှင့် သက်ဆိုင်ကြောင်း ထင်ရှားစေရန် ဆောင်ရွက်ပေးခြင်း၊ ခြေရာခံ စုံစမ်းပေးခြင်း၊

(င) သက်သေခံပစ္စည်းရှာဖွေပေးခြင်း၊ သိမ်းဆည်းပေးခြင်း၊ ထိန်းချုပ်ပေးခြင်း၊ တားမြစ်မိန့် ထုတ်ဆင့်ပေးခြင်းနှင့် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပေးခြင်း၊

(စ) သတင်းအချက်အလက်၊ သက်သေခံအဖြစ် အသုံးပြုမည့် စာတမ်းအမှတ်အသား၊ မှတ်တမ်းနှင့် ကျွမ်းကျင်သူ ထင်မြင်ချက်များ ရယူဆောင်ရွက်ပေးခြင်း၊

(ဆ) သက်သေခံအဖြစ်အသုံးပြုမည့် စာတမ်းအမှတ်အသားနှင့် မှတ်တမ်းများ၏မူရင်း သို့မဟုတ် မှန်ကန်ကြောင်း သက်သေခံသည့် မိတ္တူမှန်ရရှိစေရန် ဆောင်ရွက်ပေးခြင်း၊

(ဈ) ဖြစ်မှုကျူးလွန်သူ၏ နေရပ်လိပ်စာ၊ သက်သေခံပစ္စည်း၏ တည်နေရာနှင့် အခြားလိုအပ်သော အချက်များ ဖော်ထုတ်ပေးခြင်း၊

(ည) ဗဟိုအာဏာပိုင်အဖွဲ့က အကူအညီပေးရန် သဘောတူသည့် အခြားကိစ္စရပ်များ။

၁၂။ အကူအညီတောင်းခံသည့် နိုင်ငံသည် အကူအညီတောင်းခံရာတွင် အောက်ပါအချက်အလက်များကို မြန်မာဘာသာဖြင့် ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့် ဖြစ်စေ ရေးသားဖော်ပြရမည် —

(က) အကူအညီ တောင်းခံသည့် အာဏာပိုင်၏အမည်နှင့် ရာထူး၊

(ခ) အကူအညီတောင်းခံသည့် ကိစ္စရပ်နှင့် သက်ဆိုင်သည့် အမှု၏အကျဉ်းချုပ်နှင့် သဘောသဘာဝ ဖော်ပြချက်၊

(ဂ) သက်ဆိုင်ရာပုဂ္ဂိုလ်နှင့် ပတ်သက်၍ ဖြစ်နိုင်ပါက ယင်း၏ ထင်ရှားစေသည့် အထောက်အထား၊ ရှိနိုင်သည့်နေရပ်လိပ်စာနှင့် နိုင်ငံသား၊

(ဃ) သက်သေခံချက် ရယူသည့်ကိစ္စ၌ ကူညီဆောင်ရွက်ပေးရမည့် လုပ်ထုံးလုပ်နည်းများ၊

(င) ဆောင်ရွက်ပေးစေလိုသည့် အချိန်ကာလနှင့် ကန့်သတ်ချက်၊

(စ) ရှာဖွေဖော်ထုတ်ပေးရမည့် သတင်းအချက်အလက်နှင့် ရယူပေးရမည့် သက်သေခံချက်၊

(ဆ) လျှို့ဝှက်ဆောင်ရွက်ရမည့် ကိစ္စဖြစ်ပါက လျှို့ဝှက်ဆောင်ရွက်ရန် ဖော်ပြချက်၊

(ဇ) တောင်းခံသည့် အကူအညီနှင့်စပ်လျဉ်း၍ မိမိနိုင်ငံတွင် ကျင့်သုံးနေသော သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၏ ကောက်နုတ်ချက်နှင့် အကြောင်းပြချက်များ၊

(ဈ) မိမိနိုင်ငံတွင် စုံစမ်းထောက်လှမ်းခြင်း၊ တရားစွဲဆိုခြင်း သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်း ပြုလုပ်သူ၏အမည်နှင့် လုပ်ငန်းတာဝန်၊

(ည) အခြားလိုအပ်သော အချက်အလက်များ။

၁၃။ အကူအညီတောင်းခံသည့် နိုင်ငံသည် အရေးပေါ်ကိစ္စတွင် နှုတ်ဖြင့်ဖြစ်စေ၊ တယ်လီဖုန်း၊ ဖက်စ် သို့မဟုတ် အီးမေးလ်ဖြင့် ဖြစ်စေ၊ ကွန်ပျူတာကွန်ရက် ဆက်သွယ်ဆောင်ရွက်မှု အပါအဝင် အခြားအီလက်ထရောနစ်နည်းပညာတစ်ရပ်ရပ်ဖြင့် ဖြစ်စေ အကူအညီတောင်းခံနိုင်သည်။ ယင်းသို့တောင်းခံပါက အကူအညီတောင်းခံသည့် မူရင်းစာကို ဗဟိုအာဏာပိုင်အဖွဲ့သို့ နှောင့်နှေး ကြန့်ကြာခြင်း မရှိစေဘဲ ထပ်မံပေးပို့ရမည်။

၁၄။ ဗဟိုအာဏာပိုင်အဖွဲ့သည် —

(က) ပြည်ပနိုင်ငံတစ်ခုခု၏ အကူအညီတောင်းခံချက်ကိုရရှိပါက စိစစ်ပြီး တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ရန် လိုအပ်သည့် သတင်းအချက်အလက်များနှင့် အထောက်အထားများကို ထပ်မံတောင်းခံနိုင်သည်။

(ခ) အကူအညီ တောင်းခံသည့် နိုင်ငံ၏ အာဏာပိုင်က တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အားတွေ့ဆုံ၍ လိုအပ်သည်များကို မေးမြန်းခြင်း၊ အထောက်အထားများ တောင်းခံခြင်းပြုနိုင်သည်။

၁၅။ ဗဟိုအာဏာပိုင်အဖွဲ့သည် အကူအညီတောင်းခံချက်ကို လက်ခံရရှိသည့်အခါ အောက်ပါအချက်များနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိပါက ခွင့်ပြုနိုင်သည် —

(က) အကူအညီတောင်းခံသည့် ကိစ္စရပ်နှင့် သက်ဆိုင်သောပြစ်မှုသည် ပုဒ်မ ၃၊ ပုဒ်မခွဲ (က) တွင် အကျုံးဝင်သောပြစ်မှုဖြစ်ခြင်း၊

(ခ) ပုဒ်မ ၁၈ ပါ ငြင်းပယ်နိုင်သည့် အချက်တစ်ရပ်ရပ်နှင့်ငြိစွန်းမှု မရှိခြင်း၊

(ဂ) အကူအညီတောင်းခံချက်သည် ဗဟိုအာဏာပိုင်အဖွဲ့က သတ်မှတ်ထားသော ပုံစံများ၊ စည်းကမ်းများ၊ နည်းလမ်းများနှင့် ကိုက်ညီခြင်း၊

(ဃ) မြန်မာနိုင်ငံက ဆောင်ရွက်ပေးရသည့်အတွက် ကုန်ကျမည့်စရိတ်များကို နှစ်နိုင်ငံညှိနှိုင်း သဘောတူညီပြီး ဖြစ်ခြင်း။

၁၆။ ဗဟိုအာဏာပိုင်အဖွဲ့သည် ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးခြင်းနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဝင်နိုင်ငံ သို့မဟုတ် ဒေသဆိုင်ရာ သဘောတူစာချုပ်ဝင် နိုင်ငံမဟုတ်သည့်အပြင် နှစ်နိုင်ငံသဘောတူစာချုပ် ချုပ်ဆိုထားခြင်းလည်း မရှိသော နိုင်ငံ၏ အကူအညီတောင်းခံချက်ကို ခွင့်ပြုလိုပါက အလားတူကိစ္စရပ်များ၌ မြန်မာနိုင်ငံအား ပြန်လည်အကူအညီပေးရန် အဆိုပါ အကူအညီတောင်းခံသည့် နိုင်ငံနှင့် သဘောတူညီချက်ရယူပြီးမှ ခွင့်ပြုရမည်။

၁၇။ ဗဟိုအာဏာပိုင်အဖွဲ့သည် ပြည်ပနိုင်ငံတစ်ခုခု၏ အကူအညီတောင်းခံချက်နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် စုံစမ်းထောက်လှမ်းဆဲအမှု၊ တရားစွဲဆိုဆဲအမှု သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ဆဲအမှုအတွက် အနှောင့်အယှက်ဖြစ်စေမည်ဟု ယူဆပါက အကူအညီတောင်းခံသည့် နိုင်ငံနှင့် ညှိနှိုင်းပြီး အကူအညီတောင်းခံချက် တစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ရွှေ့ဆိုင်းနိုင်သည်။

၁၈။ ဗဟိုအာဏာပိုင်အဖွဲ့သည် ပြည်ပနိုင်ငံတစ်ခုခု၏ အကူအညီတောင်းခံချက်နှင့် စပ်လျဉ်း၍ ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများ၏ လျှို့ဝှက်ချက်ဖြစ်သည် ဟူသော အကြောင်းပြချက်ဖြင့် ငြင်းပယ်ခြင်းမပြုရ။ သို့ရာတွင် အောက်ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း စိစစ်တွေ့ရှိပါက အကူအညီတောင်းခံချက် တစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ငြင်းပယ်နိုင်သည် —

(က) ဤဥပဒေအရ သတ်မှတ်ချက်များနှင့်ညီညွတ်မှု မရှိခြင်း၊

(ခ) နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး သို့မဟုတ် အများပြည်သူ၏ အကျိုးစီးပွားကို ထိပါးခြင်း၊

(ဂ) ပုဂ္ဂိုလ်တစ်ဦးဦး၏ လူမျိုး၊ လိင်၊ ဘာသာရေးဆိုင်ရာ ယုံကြည်ချက်၊ နိုင်ငံသား၊ မျိုးနွယ်စု၊ နိုင်ငံရေးခံယူချက် သို့မဟုတ် ပုဂ္ဂိုလ်ရေး ရပ်တည်ချက်ကို ထိပါးစေနိုင်သည်ဟု ယုံကြည်ရန် အကြောင်းရှိခြင်း၊

(ဃ) အကူအညီတောင်းခံသည့် အလားတူ ပြစ်မှုမျိုးကို မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအရ စုံစမ်းထောက်လှမ်းခြင်း၊ တရားစွဲဆိုခြင်းနှင့် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းတို့ မပြုလုပ်ရန် တားမြစ်ထားခြင်း၊

(င) ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေအရ အရေးယူနိုင်သော စစ်ဘက်ဆိုင်ရာ ပြစ်မှုဖြစ်ခြင်း၊

(စ) အကူအညီတောင်းခံသည့် ကိစ္စရပ်သည် မြန်မာနိုင်ငံ၏ ဥပဒေနှင့် ဆန့်ကျင်ခြင်း၊

(ဆ) မြန်မာနိုင်ငံကအဖွဲ့ဝင်အဖြစ်ပါဝင်သော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းတွင် ခြွင်းချက်ပြုထားသည့် ကိစ္စရပ်များနှင့် ဆက်နွယ်နေသည့် အကူအညီတောင်းခံချက် ဖြစ်ခြင်း။

၁၉။ ဗဟိုအာဏာပိုင်အဖွဲ့သည် ပြည်ပနိုင်ငံတစ်ခုခု၏ အကူအညီတောင်းခံချက်အား ငြင်းပယ်ပါက ငြင်းပယ်ရသည့် အကြောင်းပြချက်ကို အကူအညီတောင်းခံသည့် နိုင်ငံသို့ ပြန်ကြားရမည်။

၂၀။ (က) ဗဟိုအာဏာပိုင်အဖွဲ့သည် ပြည်ပနိုင်ငံတစ်ခုခု၏ အကူအညီတောင်းခံချက်ကို ခွင့်ပြုရန်ဆုံးဖြတ်ပါက သတ်မှတ်ချက်များနှင့်အညီ စတင်ဆောင်ရွက်ရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသို့ တာဝန်ပေးအပ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ တာဝန်ပေးအပ်ခြင်း ခံရသည့် အစိုးရဌာန၊ အဖွဲ့အစည်းသည် မိမိ၏ဆောင်ရွက်ပြီးစီးမှု အခြေအနေကို လည်းကောင်း၊ ဆောင်ရွက်နိုင်ခြင်းမရှိသည့် ကိစ္စရပ်များ၏ အခြေအနေကိုလည်းကောင်း အကူအညီတောင်းခံသည့် နိုင်ငံသို့ ပြန်ကြားနိုင်ရေးအတွက် အကျိုးအကြောင်း ပြည့်စုံစွာဖြင့် ဗဟိုအာဏာပိုင်အဖွဲ့သို့ ဆောလျင်စွာ တင်ပြရမည်။

၂၁။ ဗဟိုအာဏာပိုင်အဖွဲ့သည် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း၏ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ) အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ

(က) တောင်းခံသည့် အကူအညီနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါက အကူအညီတောင်းခံသည့်နိုင်ငံသို့ အကျိုးအကြောင်း ဖော်ပြပြန်ကြားရမည်။

(ခ) တောင်းခံသည့် အကူအညီကို ဆောင်ရွက်ပေးနိုင်ပါက နှစ်နိုင်ငံသဘောတူညီချက်နှင့်အညီ သက်ဆိုင်ရာ သတင်းအချက်အလက်၊ သက်သေခံချက်၊ စာတမ်းအမှတ်အသား၊ မှတ်တမ်းနှင့် အထောက်အထားများကို အကူအညီတောင်းခံသည့်နိုင်ငံသို့ သတ်မှတ်ထားသည့် ကာလအတွင်း လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် ဆောင်ရွက်ရမည်။

၂၂။ ဗဟိုအာဏာပိုင်အဖွဲ့သည် –

(က) မြန်မာနိုင်ငံက အကူအညီပေးသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ဖြစ်စေ၊ အကူအညီတောင်းခံသည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ဖြစ်စေ မိမိနိုင်ငံကပေးပို့သည့် သတင်းအချက်အလက်နှင့် သက်သေခံချက်များအနက် လျှို့ဝှက်ထားရမည့်ကိစ္စရပ်များပါရှိပါက လျှို့ဝှက်ထားရှိရန် အကူအညီတောင်းခံသည့်နိုင်ငံသို့ အသိပေးရမည်။

(ခ) စာတမ်းအမှတ်အသား၊ မှတ်တမ်းနှင့်ပစ္စည်းများကို အကူအညီတောင်းခံသည့်နိုင်ငံသို့ အပြီးအပိုင်လွှဲပြောင်းပေးအပ်ရန် ရည်ရွယ်ခြင်းမရှိပါက အကူအညီတောင်းခံသည့်ကိစ္စကို ဆောင်ရွက်ပြီးစီးလျှင် နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးပို့ရန် ဖော်ပြရမည်။

၂၃။ ဗဟိုအာဏာပိုင်အဖွဲ့သည် ဤဥပဒေအရ အကူအညီတောင်းခံခြင်း သို့မဟုတ် အကူအညီပေးခြင်းဆိုင်ရာကိစ္စရပ်တွင် နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံအများနှင့် ပူးပေါင်းစုံစမ်း ထောက်လှမ်းခြင်းပြုရန် လိုအပ်ပါက ကိစ္စရပ်တစ်ခုချင်းအလိုက် သက်ဆိုင်ရာပြည်ပနိုင်ငံ၏ အခွင့်ရအာဏာပိုင်နှင့် ကြိုတင်ညှိနှိုင်း သဘောတူညီချက် ရယူဆောင်ရွက်ရမည်။

၂၄။ ဗဟိုအာဏာပိုင်အဖွဲ့နှင့် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများသည် မြန်မာနိုင်ငံသို့ အကူအညီပေးသည့်နိုင်ငံက လွှဲပြောင်းပေးပို့သည့် သတင်းအချက်အလက်၊ သက်သေခံချက်၊ စာတမ်းအမှတ်အသား၊ မှတ်တမ်းနှင့် အထောက်အထားများကို အကူအညီတောင်းခံချက်၌ ဖော်ပြထားခြင်းမရှိသောကိစ္စများတွင် နှစ်နိုင်ငံသဘောတူညီချက်မရှိဘဲ အသုံးပြုခြင်း၊ လွှဲပြောင်းပေးခြင်း သို့မဟုတ် ထုတ်ဖော်ပြောဆိုခြင်း မပြုရ။

အခန်း (၅)

## သက်သေခံပစ္စည်းရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ထိန်းချုပ်ခြင်း၊ တားမြစ်မိန့်ထုတ်ဆင့်ခြင်းနှင့် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း

၂၅။ ဗဟိုအာဏာပိုင်အဖွဲ့သည် သက်သေခံပစ္စည်းရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ထိန်းချုပ်ခြင်း၊ တားမြစ်မိန့်ထုတ်ဆင့်ခြင်း သို့မဟုတ် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ပြုလုပ်ရေးအတွက် ပြည်ပနိုင်ငံတစ်ခုခု၏ အကူအညီတောင်းခံချက်နှင့်စပ်လျဉ်း၍ စိစစ်ပြီး ခွင့်ပြုပါက တည်ဆဲဥပဒေများနှင့်အညီ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ထိန်းချုပ်ခြင်း၊ တားမြစ်မိန့်ထုတ်ဆင့်ခြင်း သို့မဟုတ် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းပြုရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသို့ အကြောင်းကြားရမည်။

၂၆။ (က) ဗဟိုအာဏာပိုင်အဖွဲ့သည် ပြည်ပနိုင်ငံတစ်ခု၏ အကူအညီတောင်းခံချက်အရ သက်သေခံအဖြစ်သိမ်းဆည်းထားသောပစ္စည်း၊ ထိန်းချုပ်ထားသောပစ္စည်းနှင့် ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းထားသောပစ္စည်းများ စီမံခန့်ခွဲရေးနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံသဘောတူညီချက်နှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသောပစ္စည်းနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံသဘောတူညီချက်မရှိလျှင် နိုင်ငံတော်ပိုင်ဖြစ်စေရမည်။

၂၇။ သက်သေခံအဖြစ် သိမ်းဆည်းထားသောပစ္စည်း၊ ထိန်းချုပ်ထားသော ပစ္စည်းနှင့် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသောပစ္စည်းကို ပြစ်မှုနှင့် သက်ဆိုင်ခြင်းမရှိသူက သဘောရိုးဖြင့် အဖိုးစားနားပေး၍ တစ်နည်းနည်းဖြင့် လွှဲပြောင်းရယူထားခြင်းဖြစ်ကြောင်း သက်သေထင်ရှား တင်ပြနိုင်လျှင် ထိုပုဂ္ဂိုလ်၏အခွင့်အရေးကို ထိခိုက်ခြင်းမရှိစေရ။

## အခန်း (၆)

## မြန်မာနိုင်ငံရှိ ပုဂ္ဂိုလ်တစ်ဦးဦးအား သက်သေခံချက်၊ ထွက်ဆိုချက်ပေးရန် စေလွှတ်ခြင်း

၂၈။ ဗဟိုအာဏာပိုင်အဖွဲ့သည် —

(က) မြန်မာနိုင်ငံရှိ ပုဂ္ဂိုလ်တစ်ဦးဦးကို ပြည်ပနိုင်ငံတွင် သက်သေခံချက်၊ ထွက်ဆိုချက် သို့မဟုတ် ကျွမ်းကျင်သူ ထင်မြင်ချက်ပေးနိုင်ရေးအတွက် စေလွှတ်ပေးရန် အကူအညီတောင်းခံသည့်ကိစ္စတွင် ယင်းပုဂ္ဂိုလ်က သက်သေခံရန် သဘောတူသည့်အပြင် ဗဟိုအာဏာပိုင်အဖွဲ့ကလည်း ခွင့်ပြုရန် ဆုံးဖြတ်ပါက အဆိုပါစေလွှတ်ခြင်းခံရမည့် ပုဂ္ဂိုလ်အား ခရီးသွားလာရေးနှင့် ပြည်ပသို့ထွက်ခွာခွင့် ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသို့ အကြောင်းကြားရမည်။

စေလွှတ်ခြင်းခံရသောပုဂ္ဂိုလ်မှာ အချုပ်ဖြင့်ရှိသူဖြစ်ပါက နှစ်နိုင်ငံ သဘောတူညီချက်အရ ထိုသူအား အချုပ်ဖြင့် လုံခြုံစွာ လွှဲပြောင်းပေးပို့နိုင်ရေးနှင့် ပြန်လည်ပို့ဆောင်ရေးတို့အတွက် စီစဉ်ဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ အကြောင်းကြားရမည်။

၂၉။ (က) ဗဟိုအာဏာပိုင်အဖွဲ့သည် အချုပ်ဖြင့်ရှိသူအား ပြည်ပနိုင်ငံသို့ စေလွှတ်ရာတွင် ထိုသူအား အချုပ်မှလွှတ်ရန် မြန်မာ

နိုင်ငံက အကြောင်းကြားစာပေးပို့ခြင်းမရှိပါက အကူအညီတောင်းခံသည့်ကိစ္စ ပြီးဆုံး၍ မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပြီးသည်အထိ အချုပ်ဖြင့်ထားရှိရန် ဖော်ပြရမည်။

(ခ) အချုပ်ဖြင့်စေလွှတ်သူအား အချုပ်ဖြင့်ပို့ဆောင်သောကာလအပါအဝင် အကူအညီတောင်းခံသည့်နိုင်ငံတွင် ချုပ်နှောင်ထားသောကာလကို မြန်မာနိုင်ငံတွင် အချုပ်နှင့်ရှိသည့်ကာလ ဖြစ်ဘိသကဲ့သို့ မှတ်ယူရမည်။

၃၀။ သက်သေခံချက်၊ ထွက်ဆိုချက် သို့မဟုတ် ကျွမ်းကျင်သူ ထင်မြင်ချက်ပေးရမည့်ပုဂ္ဂိုလ်သည် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအရ သက်သေခံချက်၊ ထွက်ဆိုချက် သို့မဟုတ် ကျွမ်းကျင်သူ ထင်မြင်ချက်ပေးရန် တားမြစ်ထားလျှင် ထိုကိစ္စအတွက် ငြင်းဆိုနိုင်သည်။

၃၁။ ဗဟိုအာဏာပိုင်အဖွဲ့သည် ပြည်ပနိုင်ငံတစ်ခုခုတွင် သက်သေခံချက်၊ ထွက်ဆိုချက် သို့မဟုတ် ကျွမ်းကျင်သူ ထင်မြင်ချက်ပေးရမည့် ပုဂ္ဂိုလ်အနေဖြင့် အကူအညီတောင်းခံသည့်နိုင်ငံတွင် ယခင်က ကျူးလွန်ခဲ့သည့်ပြစ်မှုတစ်ခုခုရှိပါက ထိုနိုင်ငံသို့ ရောက်ရှိသတင်းပို့ပြီး ၁၅ ရက်အတွင်း သို့မဟုတ် ၁၅ ရက်ထက်ကျော်လွန်ပါက နှစ်နိုင်ငံသဘောတူညီထားသည့်ကာလအတွင်း ယခင်ပြစ်မှုနှင့်စပ်လျဉ်း၍ ထိုနိုင်ငံတွင် တရားစွဲဆိုခြင်း၊ ချုပ်နှောင်ခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း သို့မဟုတ် ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်ခွင့် ကန့်သတ်ခြင်းမပြုရေးအတွက် အဆိုပါနိုင်ငံနှင့် ကြိုတင်သဘောတူညီချက်ရရှိရန် တောင်းဆိုပေးရမည်။

၃၂။ ဗဟိုအာဏာပိုင်အဖွဲ့သည် ပြည်ပနိုင်ငံတစ်ခုခုက အချုပ်ဖြင့်ရှိသူတစ်ဦးဦးကို အခြားပြည်ပနိုင်ငံတစ်ခုခုသို့ မြန်မာနိုင်ငံမှတစ်ဆင့်ဖြစ်စေ၊ မြန်မာနိုင်ငံကို ဖြတ်သန်း၍ဖြစ်စေ ပို့ဆောင်ရန် အကူအညီတောင်းခံချက်ကို ခွင့်ပြုပါက ထိုအချုပ်ဖြင့်ရှိသူအား အခြားပြည်ပနိုင်ငံသို့ ပို့ဆောင်ရာတွင် မြန်မာနိုင်ငံ နယ်နိမိတ်အတွင်း၌ လုံခြုံရေးအတွက် ကူညီဆောင်ရွက်ပေးရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ အကြောင်းကြားရမည်။

## အခန်း (၇)

## မြန်မာနိုင်ငံက အကူအညီတောင်းခံခြင်း

၃၃။ ပြည်ပနိုင်ငံတစ်ခုခုသို့ ပုဒ်မ ၁၁ ပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အကူအညီတောင်းခံလိုသော အစိုးရဌာန၊ အဖွဲ့အစည်းသည် မိမိတောင်းခံလိုသည့် အကူအညီအတွက် ခွင့်ပြုချက်ရရှိရန် ပုဒ်မ ၁၂ ပါ အချက်များကို ပြည့်စုံစွာဖော်ပြ၍ ဗဟိုအာဏာပိုင်အဖွဲ့သို့ တင်ပြရမည်။

၃၄။ ဗဟိုအာဏာပိုင်အဖွဲ့သည် ပြည်ပနိုင်ငံတစ်ခုခုသို့ အကူအညီတောင်းခံပေးရန် ပုဒ်မ ၃၃ အရ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း၏ တင်ပြချက်ကို ခွင့်ပြုပါက —

(က) မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ်ပါဝင်သော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဝင်နိုင်ငံ၊ ဒေသဆိုင်ရာ သဘောတူစာချုပ်ဝင်နိုင်ငံ သို့မဟုတ် နှစ်နိုင်ငံ သဘောတူစာချုပ် ချုပ်ဆိုထားသည့်နိုင်ငံဖြစ်လျှင် ထိုနိုင်ငံ၏ ဗဟိုအာဏာပိုင်အဖွဲ့သို့ တိုက်ရိုက်တောင်းခံရမည်။

(ခ) မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်းမရှိသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဝင်နိုင်ငံ၊ ဒေသဆိုင်ရာ သဘောတူစာချုပ်ဝင်နိုင်ငံ သို့မဟုတ် နှစ်နိုင်ငံသဘောတူစာချုပ် ချုပ်ဆိုထားခြင်းမရှိသည့်နိုင်ငံဖြစ်လျှင် သံတမန်လမ်းကြောင်းအရ ထိုနိုင်ငံ၏ ဗဟိုအာဏာပိုင်အဖွဲ့သို့ တောင်းခံရမည်။

၃၅။ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသည် ဤဥပဒေနှင့်အညီ မြန်မာနိုင်ငံတွင် သက်သေခံချက်၊ ထွက်ဆိုချက်၊ ကျွမ်းကျင်သူထင်မြင်ချက်ပေးရန် သို့မဟုတ် လူပုဂ္ဂိုလ်အနေဖြင့်ရှိနေစေရန် ပြည်ပနိုင်ငံတစ်ခုခုက စေလွှတ်သည့် ပုဂ္ဂိုလ်အား မြန်မာနိုင်ငံတွင် ယခင်က ထိုသူကျူးလွန်ခဲ့သော ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ထိုသူရောက်ရှိသတင်းပို့ပြီး ၁၅ ရက်အတွင်း သို့မဟုတ် ၁၅ ရက်ထက်ကျော်လွန်ပါက နှစ်နိုင်ငံသဘောတူညီထားသည့် ကာလအတွင်း တရားစွဲဆိုခြင်း၊ ချုပ်နှောင်ခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း သို့မဟုတ် ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်ခွင့် ကန့်သတ်ခြင်းကို မပြုရ။

၃၆။ ဗဟိုအာဏာပိုင်အဖွဲ့၏ ညွှန်ကြားချက်အရ ဆောင်ရွက်သည့် အစိုးရဌာန၊ အဖွဲ့အစည်းသည် မြန်မာနိုင်ငံတွင် သက်သေခံချက် သို့မဟုတ် ထွက်ဆိုချက်ပေးရန် လွှဲပြောင်းပေးခြင်းခံရသည့် အချုပ်ဖြင့်ရှိသူအား အချုပ်မှ လွှတ်ရန် သက်ဆိုင်ရာ ပြည်ပနိုင်ငံက အကြောင်းကြားစာပေးပို့ခြင်း မရှိပါက နှစ်နိုင်ငံသဘောတူညီထားသည့် ကာလအတွင်း ချုပ်နှောင်ထားရန် အခွင့်အာဏာရှိရမည့်အပြင် အဆိုပါကိစ္စပြီးဆုံးလျှင် အကူအညီတောင်းခံသည့်နိုင်ငံသို့ ထိုသူအား နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ သတ်မှတ်ချက်များနှင့်အညီ ပြန်ပို့နိုင်ရေးအတွက် ဗဟိုအာဏာပိုင်အဖွဲ့သို့ တင်ပြ၍ ဗဟိုအာဏာပိုင်အဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

အခန်း (၈)

## ကုန်ကျစရိတ်ကျခံခြင်း

၃၇။ အကူအညီတောင်းခံသည့်ကိစ္စကို ဆောင်ရွက်ရာတွင် နှစ်နိုင်ငံသီးခြားသဘောတူညီချက်မရှိပါက သာမန်ကုန်ကျစရိတ်ကို အကူအညီတောင်းခံခြင်းခံရသည့်နိုင်ငံက ကျခံရမည်။ သာမန်ထက်ပိုမိုသော သို့မဟုတ် ထူးခြားသည့်သဘာဝရှိသော ကုန်ကျစရိတ်ဖြစ်လျှင် ကြိုတင်သဘောတူညီထားသည့် စည်းကမ်းချက်နှင့်အညီ သက်ဆိုင်ရာနိုင်ငံက ကျခံရမည်။

၃၈။ အကူအညီတောင်းခံခြင်း သို့မဟုတ် အကူအညီပေးခြင်းနှင့် စပ်လျဉ်း၍ ကုန်ကျစရိတ်ကို မြန်မာနိုင်ငံက ကျခံရန်အကြောင်းပေါ်ပေါက်လျှင် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းက ကျခံရမည်။

## အခန်း (၉)

## အထွေထွေ

၄၉။ (က) ဗဟိုအာဏာပိုင်အဖွဲ့သည် ပြည်ပနိုင်ငံတစ်ခုခုက တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းအတွက် အကူအညီတောင်းခံသည့်ကိစ္စဖြစ်လျှင် တရားရုံးချုပ်သို့ အကြောင်းကြားရမည်။

(ခ) တရားရုံးချုပ်သည် ပုဒ်မခွဲ (က) အရ အကြောင်းကြားသည့်ကိစ္စကို ကိုယ်တိုင်ဆောင်ရွက်ခြင်း သို့မဟုတ် သက်ဆိုင်ရာစီရင်ပိုင်ခွင့်ရှိသည့် တရားရုံးက ဆောင်ရွက်ရန် ညွှန်ကြားခြင်းပြုနိုင်သည်။

၅၀။ ဗဟိုအာဏာပိုင်အဖွဲ့သည် ပြည်ပနိုင်ငံတစ်ခုခု၏ အကူအညီတောင်းခံချက်အရ ဆောင်ရွက်ပေးသော သက်သေခံချက်၊ စာတမ်းအမှတ်အသား၊ မှတ်တမ်းနှင့် အထောက်အထားများနှင့် စပ်လျဉ်း၍ —

(က) ဘာသာပြန်ဆိုပြီး တင်ပြရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုကိုဖြစ်စေ၊ ကျွမ်းကျင်သူ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ ကျွမ်းကျင်သူများ ပါဝင်သောအဖွဲ့ကို ဖွဲ့စည်း၍ဖြစ်စေ သတ်မှတ်တာဝန်ပေးအပ်နိုင်သည်။

(ခ) ဘာသာပြန်ဆိုချက်အပေါ် မှန်ကန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးပြီး သက်ဆိုင်ရာပြည်ပနိုင်ငံသို့ လွှဲပြောင်းပေးရမည်။

၅၁။ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးသည့် ကိစ္စနှင့်စပ်လျဉ်း၍ တယ်လီဖုန်း၊ ဖက်စ် သို့မဟုတ် အီးမေးလ်ဖြင့်ဖြစ်စေ၊ ကွန်ပျူတာကွန်ရက် ဆက်သွယ်ဆောင်ရွက်မှု အပါအဝင် အခြားအီလက်ထရောနစ်နည်းပညာ တစ်ရပ်ရပ်ဖြင့်ဖြစ်စေ ဆက်သွယ်ဆောင်ရွက်မှုများကို သက်သေခံအဖြစ် တင်ပြခွင့်ရှိစေရမည်။

၄၂။ ပြည်ပနိုင်ငံတစ်ခုခုက အကူအညီတောင်းခံသည့် ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ဗဟိုအာဏာပိုင်အဖွဲ့နှင့် ယင်းအဖွဲ့က တာဝန်ပေးအပ်ခြင်းခံရသည့် အစိုးရဌာန၊ အဖွဲ့အစည်းသည် စုံစမ်းထောက်လှမ်းခြင်း၊ တရားစွဲဆိုခြင်း၊ တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းတို့နှင့် စပ်လျဉ်း၍ ဤဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိလျှင် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၄၃။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် —

(က) ပြည်ထဲရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုအာဏာပိုင်အဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ တရားရုံးချုပ်နှင့် ရှေ့နေချုပ်ရုံးတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ